# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

## သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လို

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- **မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျ ဆောင်ရွက်ရန်လို၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်း တည်ဆောက်မှုများ ပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လို၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လို**
- **မြို့ကွက်သစ်များ ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များ စိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထား ဆောင်ရွက်သွားရန်လို၊ တောင်ငူဒေသအတွင်း၌ သီးနှံများ စိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ လယ်မြေများအား သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်စေလို**

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တောင်ငူ ကေတုမတီမြို့ဟောင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအထောက်အထားများ၊ မြို့ဟောင်းမြို့ရိုးနှင့် ကျုံးတို့၏ တည်ရှိမှု အခြေအနေများ၊ ကေတုမတီနန်းတော်နေရာအား ကွင်းဆင်းလျာထား ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့လေးခံတပ်ဆိုင်ရာ အချက်အလက်များ၊ မြို့ရိုးနှင့်ကျုံးကို တူးဖော်သုတေသနပြု ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တောင်ငူ အကျဉ်းထောင်သစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပဲခူး – တောင်ငူ မီးရထားလမ်းပိုင်းတွင် အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုများနှင့် သွားလာဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ကွက်သစ်ဖော်ထုတ်ရေး လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင် ထိန်းသိမ်း တည်ဆောက်မှုများ ပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့် အညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အကျဉ်းထောင်အသစ် တည်ဆောက်မှုနှင့် ပတ်သက်၍ လုံခြုံရေးအရ စနစ်တကျ တွက်ချက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့်ဘူတာရုံအသစ် တည်ဆောက်ရာတွင်လည်း အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ရေရှည်တည်တံ့ ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ထုတ် ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထား ဆောင်ရွက်သွားရန် လိုကြောင်း၊ တောင်ငူဒေသအတွင်း၌ သီးနှံများ စိုက်ပျိုးရာတွင် သီးထပ်များ

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း မြို့ရိုးထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာတို့အား ကြည့်ရှုစစ်ဆေးစဉ်။

## ❂ အဆောက်အဦများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေး ဆောင်ရွက်သွားရန်လို၊ မြို့ကွက်သစ်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျ ဖော်ထုတ်ရန်လို၊ လူနေရပ်ကွက်များရှိ အိမ်ခြံမြေများအတွင်း သစ်ပင်များ စိုက်ပျိုးရန်နှင့် လမ်းဘေးဝဲယာများတွင် သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရန်လို

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ လယ်မြေများအား သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း(၄)သွယ်နှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအတွက် စားရေးကို အထောက်အကူပြုစေရေး ဥစားကြက်နှင့် အသားစားကြက်များကို မွေးမြူသကဲ့သို့ ဒေသကြက်များ၊ ဒေသနွားများ၊ ဒေသဝက်များကိုလည်း စနစ်တကျအစာကျွေးမွေး၍ ဆောင်ရွက်သွားနိုင်ကြောင်း၊ နို့စားနွားများကိုလည်း တိုးချဲ့ မွေးမြူသွားရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

### ဥပဒေနှင့်အညီကာကွယ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် တောင်ငူမြို့ရိုးနှင့် ကေတုမတီနန်းတော်ရာ ပြန်လည် တည်ဆောက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကေတုမတီမြို့ရိုးသည် ပြန်လည် ဖော်ထုတ်သင့်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ အထောက်အထား သေချာသည့် နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လိုကြောင်း၊ အလားတူ မြို့ကွက်အသစ်များ ဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာ အဆောက်အဦများကို ဦးစွာပြောင်းရွှေ့သွားရန်လိုကြောင်း၊ ကေတုမတီ နန်းတော်ရာနှင့် ပတ်သက်၍ အတည်ပြု၍ရသည့် နေရာများ၊ ဘုတ်တလုတ်ကန် နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့် အညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း။

### စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

အဆောက်အဦများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျဖော်ထုတ် ရန်လိုကြောင်း၊ လူနေရပ်ကွက်များရှိ အိမ်ခြံမြေများအတွင်း သစ်ပင်များ စိုက်ပျိုးရန်နှင့် လမ်းဘေးဝဲယာများတွင် သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများ ဖောက်လုပ်ရာတွင်လည်း လူသွားပလက်ဖောင်းများကို အမှန်တကယ် အသုံးပြုနိုင်သည့် လမ်းများဖြစ်အောင် ဆောက်လုပ်ရန်လိုကြောင်း၊ မြို့ကွက်အသစ်တည်ဆောက်ရာတွင် လူနေမှုအဆင့်နှင့်လျော်ညီသည့် ဆေးရုံ၊ ကျောင်း၊ မီးသတ်အဆောက်အဦများ၊ ဈေးများနှင့် ဌာနဆိုင်ရာ အဆောက်အဦများကို စနစ်တကျဖြင့် တွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း။

ခပေါင်းဆည်မှရရှိသည့် ရေများကိုလည်း စနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူး-တောင်ငူ မီးရထားလမ်းပိုင်းကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက မကြာခဏ မိုင်းထောင် ဖောက်ခွဲခြင်းများရှိသကဲ့သို့ ပညာသင်ကြားရေးဖြစ်သည့် စာသင်ကျောင်းများကိုလည်း နှောင့်ယှက်မှုများပြုလုပ်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် KG + 12 အောင်မြင်ပြီးသူများအနေဖြင့်လည်း တက္ကသိုလ်ကောလိပ်များသို့ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ အတန်းပညာ အမှန်တကယ် တတ်မြောက်စေရေး အချိန်ပိုသင်ကြားဆောင်ရွက်ပေးရန် လိုကြောင်း၊ အမှန်တကယ် စာတတ်အောင် သင်ကြားပေးမည်ဆိုပါက အနာဂတ်နိုင်ငံ၏ ပညာရေးမှာ များစွာတိုးတက်လာမည် ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားလာစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

### အကျိုးရှိစွာအသုံးချနိုင်

စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန် လိုကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ အနည်းဆုံး ၂ သီးမှ ၃ သီးအထိ သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်လာပါက နိုင်ငံရေးကောင်းလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ့အရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အသားငါးနှင့်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူဘူတာရုံ(အသစ်) တည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများကို အဓိက စားသုံးကြသည်ကို တွေ့ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်သွားမည်ဆိုပါက အသား၊ ငါးများ ပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ပြီး ပညာရေးများ ကောင်းမွန်လာမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ တောင်ငူဒေသနှင့် မိတ္ထီလာဒေသသည် နေပြည်တော်နှင့် လက်လှမ်းမီသည့် နေရာများဖြစ်ပြီး မြန်မာနိုင်ငံ၏ အချက်အချာနေရာများ ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း၊ အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာ၊ မြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာနှင့် မြို့ရိုးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြု လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့ရိုးအောက်ခြေ ဖောင်ဒေးရှင်းအုတ်ရိုးများကို ဖော်ထုတ်၍ အုတ်ရိုးအတိုင်းလိုက်ကာ မြို့ရိုးကို ဖော်ထုတ်ရမည် ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင် တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့် နေရာများတွင် ဦးစွာတည်ဆောက်သွားရန်လိုကြောင်း၊ ဘုတ်တလုတ်ကန်ကိုလည်း ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့ရိုးဖော်ထုတ်ရေးလုပ်ငန်းကို အဓိကဦးစားပေးဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာမှ သောင်းတိုင်ကုန်းဘူတာ အကြား အထိ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ တောင်ငူဘူတာရုံ (အသစ်)တည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ – ရေတာရှည် ရထားလမ်းပိုင်း တစ်လျှောက် လိုက်ပါစီးနင်း၍ ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တောင်ငူဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးသူငယ်များ၏ဘဝ သာယာဝပြောရေးနှင့် ကာကွယ်စောင့်ရှောက်မှု ပြီးပြည့်စုံစွာ ရရှိနိုင်ရေးကို ဝန်ကြီးဌာနအနေဖြင့် အရေးကြီးသော လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒကို ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒကို ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ အလွဲသုံးမှုများ၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ် မြတ်ထုတ်ခံရမှုများမှ ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကလေးများအတွက် ဘေးကင်းလုံခြုံ၍ ကာကွယ်စောင့်ရှောက်မှုရှိသော ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများအားလုံး သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး တာဝန်ယူပါဝင်လာစေရေးကို ဦးတည်၍ ရေးဆွဲဆောင်ရွက်နေပြီး လုပ်ငန်းကော်မတီဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကြံပြုချက်များအား ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ထည့်သွင်းဆောင်ရွက်နိုင်ခြင်းဖြင့် ကလေးသူငယ်၏ ဘဝသာယာဝပြောရေးနှင့် ကာကွယ်စောင့်ရှောက်ရေး နယ်ပယ်အားလုံးတွင် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊ အားလုံးလွှမ်းခြုံသော ကာကွယ်စောင့်ရှောက်ရေးမူဝါဒအဖြစ်ရရှိမည် ဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ (Child Protection Policy) ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် ဩဂုတ် ၂၃**

ပျော်ဘွယ်မြို့နယ် သန်းခေါင်စာရင်းကော်မတီမှ ဦးဆောင်၍ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ညောင်ရွှေကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျေးရွာပြည်သူ ၁၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်က သန်းခေါင်စာရင်း ကောက်ယူသူများ လာရောက်ပြီး မေးမြန်းဆွေးနွေးချက်များကို ကြည်ဖြူစွာ ပြန်လည်ဖြေကြားပေးနိုင်ရေး၊ အချက်အလက်များ မှန်ကန်ရေး တို့ကို ရှင်းလင်းဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးဆောင်က သန်းခေါင်စာရင်းကောက်ယူမည့် နေ့ရက်၊ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သန်းခေါင်စာရင်းကောက်ယူရေး အသိညာပေး လက်ကမ်းစာစောင်များကိုကျေးရွာပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများအား စစ်ဆေး၊ တောင်ငူမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန့်ပေါင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ် အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်နေမှု အခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများနှင့် မီးရထားလမ်းများအား မိုင်းထောင် ဖောက်ခွဲလျက်ရှိမှု အခြေအနေများနှင့် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အများပြည်သူလုံခြုံရေးနှင့် ဒေသအတွင်း တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များအား ဖော်ထုတ်၍ အကြမ်းဖက်မှု လုပ်ရပ်များ လျှော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြား နယ်မြေဒေသ လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

❖ **အများပြည်သူလုံခြုံရေးနှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များအား ဖော်ထုတ်၍ အကြမ်းဖက်မှုလုပ်ရပ်များ လျှော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြား**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၃

**၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ မှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြေးခုန်ပစ်အားကစားနည်းသည် မျက်မှောက်ခေတ်ကာလ အားကစားပြိုင်ပွဲကြီးများတွင် အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်သည့်အပြင် လူသားတို့၏ စွမ်းရည်ကို ဖော်ထုတ်ပြသရာ ရှေးဦးလမ်းပြအားကစားနည်းလည်း ဖြစ်ပါကြောင်း၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ အပါအဝင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကဲ့သို့ အားကစားပြိုင်ပွဲကြီးများတွင် ရွှေတံဆိပ် စုစုပေါင်း ၄၀ ကျော် ချီးမြှင့်လေ့ရှိသည့် အားကစားနည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု မြင့်မားစေရန်အတွက် ပြေးခုန်ပစ် အားကစားနည်းတွင် အောင်မြင်မှုရရှိရန် အသက်သွေးကြောပမာ အရေးကြီးပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့အားကစားကဏ္ဍကို အစွမ်းကုန် အားပေးချီးမြှောက်နေသည့် အချိန်တွင် အားကစားသမားများ အနေဖြင့် အောင်မြင်လိုသည့် စိတ်ကို အခြေခံကာ လုံ့လဝီရိယဖြင့် အားထုတ်ကြိုးပမ်း သင်ယူလေ့ကျင့်ပြီး ယခုပြိုင်ပွဲတွင် မိမိတို့၏ အစွမ်းအစအရည်အသွေးကို ဖော်ထုတ်ပြသကြစေလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရပြီး တိုင်းတစ်ပါးမြေတွင် အမိမြန်မာနိုင်ငံတော်၏ အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားရင်း ၂၀၂၄ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် (၄) ချက်ကိုရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားဟောင်း ဒေါ်ဂျနီဖာတင်လေးက နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ် ၁၄ ခုအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစား လှုပ်ရှားမှုများ ပြခန်းတွင် မှတ်တမ်းတင် ထိန်းသိမ်းထားရှိရန်အတွက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လက်ခံရယူသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အမျိုးသား/ အမျိုးသမီး (မီတာ ၄၀၀၊ ၁၀၀ x ၄ လက်ဆင့်ကမ်းနှင့် တန်းမြင့်ခုန်)ပြိုင်ပွဲများ၊ အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်နှင့် မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် အမျိုးသား/ အမျိုးသမီး သံပြားဝိုင်း ပစ်ပြိုင်ပွဲများ၏ လူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား) မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၌ ၂၀၀၆ ခုနှစ်တွင် ပြည့်ဖြိုးထွန်း (ရန်ကုန်တိုင်းဒေသကြီး)တင်ထားသောစံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်အား သန့်ဇင်အောင် (ရှမ်းပြည်နယ်)က ၄၈ မိနစ် ၄၈ ဒသမ ၁၄ စက္ကန့်နှင့် နိုင်လင်းထွန်း (ရှမ်းပြည်နယ်)က ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သံပြားဝိုင်းပစ် ပြိုင်ပွဲတွင် နန်းအွမ်ဆိုင်ခမ်း (ရှမ်းပြည်နယ်) သည် ၂၀၁၉ ခုနှစ်တွင် မူကိုဖော (ကယားပြည်နယ်) တင်ထားသော စံချိန် ၃၅ ဒသမ ၀၈ မီတာထက်သာလွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့်လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသမီး) မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး(ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲနှင့် မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ)၊ (အမျိုးသမီး) မီတာ ၂၀၀၀ တားဆီးကျော် အပြေးပြိုင်ပွဲတို့ကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ပြေးခုန်ပစ် မျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁) တို့တွင် ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း အင်အား ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဖြူ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက အထက(ခွဲ) အလက (၂)မြို့မ ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းသူက လူငယ်များ စာဖတ်စွမ်းရည် တိုးတက်မြင့်မားစေရေး၊ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားကာ လမ်းမှားမရောက်စေရေး၊ ရည်မှန်းချက်ထားရှိပြီး စာပေကို ကြိုးစားသင်ယူစေရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာစေရေး စသည့်လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် အောင်မြင်မှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ်လှုပ်ရှားမှု မှတ်တမ်း ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



**တင်ထွန်းဦး (ပြန်/ဆက်)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) (၂) (၃) (၄) ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများ၊ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

**အမဲသားဘူး၊ ကြက်သားအာလူးဘူး၊ ငါးသလောက်ဘူး၊ ငါးတန်အချိုပေါင်းဘူးများ ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေး**

ထိုသို့ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) (၂) (၃) (၄) ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စိတ်အားထက်သန်စွာ စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး






ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနရုံးတွင် ရွှေဖီဦး(တီးမစ်)၊ ရွှေဖီဦး (လီမွန်တီး)၊ နန်းမြိုင် (ကော်ဖီမစ်)၊ အမဲသားဘူး၊ ပလာတူးငါးဘူး၊ ကြက်သားအာလူးဘူး၊ ငါးသလောက်ဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးနီတူခြောက်ဘူး၊ Dagon Rum၊ Red Ruby နှင့် Premium Gold စသည့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဦးကိုကိုလှိုင်နှင့် ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဦးထင်ကျော်သူနှင့် ဌာနအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

**ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လက်ဝယ်အရောက်လှူဒါန်းမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) (၂) (၃) (၄) ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ် ၈၄၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

**သတင်းစဉ်**

# ဘားအံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ဘားအံ ဩဂုတ် ၂၃**

ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက နည်းပညာတက္ကသိုလ်(ဘားအံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စာဖတ်ခြင်းဖြင့် ဘဝတိုးတက် အောင်မြင်ပြီး ကြွယ်ဝချမ်းသာသူ အများအပြားရှိကြကာ အောင်မြင်သူအများစုသည် ၎င်းတို့၏အားလပ်ချိန်များကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြပြီး စာဖတ်ရှိန်မြှင့်မားလာသည်နှင့်အမျှ စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာခြင်းနှင့်အတူ စာကြည့်တိုက်များ ရေရှည်တည်တံ့ကာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(ဘားအံ) တွဲဖက်ပါမောက္ခ(မြန်မာစာ) ဒေါ်သဲသဲအိက စာဖတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဦးငွေသန်း ကထိက(ငြိမ်း)က စာပေကျေးဇူး၊ ပညာရေးနှင့် သမိုင်းသင်ခန်းစာနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းတို့ကို ဟောပြောကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပေးကြသည့် ဆရာဆရာမများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ရောင်စုံဓာတ်ပုံပြပွဲ၊ သုတ၊ ရသ စာအုပ်စာစောင်များ၊ ပုဂ္ဂလိကစာအုပ်အရောင်းဆိုင်များမှ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာနေသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ) ကျောင်းစာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်ကို အသုံးပြုနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မလှိုင်မြို့နယ်၌ လယ်ယာမြေဥပဒေအကြောင်း အသိပညာပေးဆွေးနွေး

**မလှိုင် ဩဂုတ် ၂၃**

မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် စပါး၊ ဝါ၊ ပဲမျိုးစုံသီးနှံမျိုးစေ့၊ စံပြကွက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပွဲနှင့် လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

တောင်သူများ အထောက်အပံ့ဖြစ်စေရန် နိုင်ငံတော်က ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး သီးနှံများပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားစိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာမြေဥပဒေဆိုင်ရာ အရေးကိစ္စရပ်များကို သိရှိလိုက်နာ၍ ကျူးလွန်ခြင်း မရှိစေလိုကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုက စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတရရှိဖွယ်ရာများ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မြထွန်း (မလှိုင်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဦးခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှဗဟိုဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စောမောင်မောင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ မွန်ပြည်သစ်ပါတီ (NMSP)မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ခွန်မင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တက်ရောက်လာကြသည့် NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးမှုအကူအညီပေးအပ်နိုင်ရေးကိစ္စရပ်တို့နှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ ယင်းနောက် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ငွေရတုသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ငွေရတုသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ငွေရတုအထိမ်းအမှတ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက သင်ကြားရေးနှင့် သင်ယူရေးအဖွဲ့၏လုပ်ငန်းစဉ်တွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာတို့တွင် ခေတ်နှင့်လျော်ညီသော သင်ရိုးများနှင့် သင်ပြနည်းများကို သုံးသပ်ခြင်း၊ တက္ကသိုလ်ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးတွင် အထောက်အကူပေးခြင်း၊ သုတေသနလမ်းညွှန်မှုပေးရေးအဖွဲ့၏ လုပ်ငန်းစဉ်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ သုတေသနလမ်းညွှန်မှုပေးခြင်း၊ သုတေသနပြုနိုင်မည့်အခွင့်အရေးများ ဖန်တီးပေးခြင်း၊ သုတေသနပညာရှင်များ ပြုစုပျိုးထောင်ပေးခြင်း၊ ပညာဖြန့်ဖြူးရေးနှင့် ပညာပြန့်ပွားရေးလုပ်ငန်းစဉ်တွင် သတင်းအချက်အလက် ဖြန့်ဖြူးရေးနည်းပညာ (Information Technology) နှင့် ကွန်ပျူတာနည်းပညာများ အသုံးပြုနိုင်အောင် လမ်းညွှန်ပေးခြင်း၊ သုတေသီများ၏စာအုပ်၊ စာတမ်းများကို ပုံနှိပ်ထုတ်ဝေခွင့်ဖန်တီးပေးခြင်း၊ ပညာရပ်ဆိုင်ရာစာအုပ်များကို ဘာသာပြန်ဆိုခြင်း၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်ကြီးများအား ဖိတ်ခေါ်ပြီး ပညာပေးဟောပြောပွဲများကျင်းပခြင်း၊ ပညာရှင်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်တွင် ဘာသာရပ်အသီးသီးမှ ထူးချွန်သုတေသီများနှင့် ပညာရှင်များအား ဆုချီးမြှင့်ခြင်း၊ ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ရည်မှန်းချက်များ၊ အဖွဲ့အစည်းများ၊ တာဝန်များကို ချမှတ်ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင် အဖွဲ့ (၂၅) နှစ်ခရီးတွင် စာတမ်းရှင် ၄၄၅ ဦးကို ဆုများချီးမြှင့်နိုင်ခဲ့သည့်အတွက် ပညာရည်မြှင့်တင်ရေးအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ သုတေသနညီလာခံများမှ အရည်အသွေးပြည့်မီသောစာတမ်းများကို သုတေသနဂျာနယ် နှစ်စဉ်ထုတ်ဝေခဲ့ရာ ယခုအချိန်ထိ ဘာသာရပ်ပေါင်းစုံ ဂျာနယ်အတွဲ ၁၉ တွဲကို ပုံနှိပ်ထုတ်ဝေထားပြီးဖြစ်သည်ကို တွေ့ရပါကြောင်း၊ ပညာပြန့်ပွားရေးအတွက် ပညာရှင်အမှုဆောင်အဖွဲ့ဝင်များက ရေးသားထုတ်ဝေဖြန့်ချိခဲ့သည့် စာအုပ် ၂၆ အုပ်ရှိပါကြောင်း၊ ထပ်မံပြီး မြန်မာနိုင်ငံဝိဇ္ဇာ သိပ္ပံပညာရှင်အဖွဲ့ဆု (Myanmar Academy of Arts and Science Award) ကို တင်သွင်းခဲ့သည့် ပါရဂူကျမ်းများထဲမှ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် စတင်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့၏ ၂၅ နှစ်ခရီးအတွင်း ပညာရှင်အဖွဲ့ဆုရ ကျမ်းပေါင်း ၁၁၄ ကျမ်းရှိသည်ဟု သိရကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံနှင့်အဆင့်မြင့် ပညာရေး၏အခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ကြိုးပမ်းကြရာတွင် အဆင့်မြင့်ပညာကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၏ပညာရည်မြင့်မားရေးမှာ လွန်စွာအရေးကြီးပါကြောင်း၊ ပညာရည်မြင့်မားရန် သင်ကြားသင်ယူခြင်းသက်သက်မျှသာမက အသစ်အသစ်သော အတတ်ပညာများကို ရှာဖွေခြင်း၊ တီထွင်ဖန်တီးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်တွေ့အသုံးချခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ပညာရည်မြင့်တင်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့က တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ရိုးရာအကအလှအပများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒေါက်တာတင်ညိုနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်တို့က ပညာရှင်ကြီးများ၏ ဦးဆောင်မှုဖြင့် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ဘွဲ့ရပညာတတ်များအား လေ့ကျင့်ပျိုးထောင်ပေးခဲ့ပုံကို ဗီဒီယိုမှတ်တမ်းများဖြင့် တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူးများက ပညာရှင်ကြီးများအား ဂါရဝပြုဂုဏ်ပြုငွေပေးအပ်ရာ ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ အခြားဘာသာရပ်တို့မှ ပညာရှင်ကြီးများက ဝမ်းမြောက်ကြည်နူးဖွယ်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းဥပစိရပ်ကောင်းမွန်ရေး၊ ကျောင်းပရဝဏ်အတွင်း သန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*❂ ကျောဖုံးမှ*

ကိုးချက်လျှော့ရိုက်ပြီး တတိယဆု ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင်ကစားသမား ၁၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကျော်သက်ဦးသည် ချန်ပီယံဆု ရရှိခဲ့သဖြင့် ဆုဖလားနှင့်အတူ ဆုကြေးအဖြစ် ထိုင်းဘတ်ငွေ ၁၀၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။ ကျော်သက်ဦးသည် All Thailand Golf Tour နှင့် Thailand PGA Tour အစရှိသော နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ကိုညီလေး၊ ဓာတ်ပုံ-Thailand PGA Tour**

**သစ်တောမှန်လျှင်အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာသုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးသည်။

ယင်းတွေ့ဆုံ ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လည်းကောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းကလည်းကောင်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စား ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကလည်းကောင်း နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိ ပကတိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးရာတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်စေလိုသည့်အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအတွင်း ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာ၌ လိုအပ်သည့်ပူးပေါင်းမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ မိမိတို့၏ သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ထားဝယ် ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အနာဂတ်တွင်နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ အသိဉာဏ်ပညာများကို အရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်စေရန်စသည့် အချက်များနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက စာပေအသိပညာ ဟောပြောပေးသော စာရေးဆရာ အန်ကယ်ပညာနှင့် စာရေးဆရာ ဖိုးရွှေသွန်းအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ကာ စကားရည်လုပြိုင်ပွဲတွင် အနိုင်ရအဖွဲ့များအားဆုချီးမြှင့်ပြီး(ယာပုံ) တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး (အထက်တန်း) အဆင့်တွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်တို့က ပြိုင်ပွဲအသီးသီးတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောမာတင်လူသာ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မျောက်ကျောက်ရောဂါ စောင့်ကြည့်ခြင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် Mpox(မျောက်ကျောက်) ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ် ဝင်ထွက်ပေါက်များတွင် ရောဂါ စောင့်ကြပ်ကြည့်ရှုမှုကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ် ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျန်းမာရေးအသိပညာပေးခြင်းတို့အား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

မန္တလေး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် ပူးပေါင်းညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ လေဆိပ်ကျန်းမာရေးဌာနခွဲမှ တာဝန်ခံဆရာဝန်များ၊ တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့နှင့်အတူ လေဆိပ်ဝင်ပေါက်တွင် Mpox (မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးနှင့် သံသယလူနာ တွေ့ရှိပါက လေဆိပ်တွင် ခေတ္တ isolation ထားရှိနိုင်မည့်နေရာ ပြင်ဆင်ထားရှိမှုနှင့် လွှဲပြောင်းဆေးရုံအဖြစ် သတ်မှတ်ထားရှိသော မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျ လွှဲပြောင်းနိုင်ရေး စသည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မျောက်ကျောက်ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့ရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

* *ကျော်ဖုံးမှ*

ဆီဖြည့်တင်းပေးမှုများ အဆင်ပြေချောမွေ့စေရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများ သယ်ယူပို့ဆောင်မှု ပုံမှန်ထက် အနည်းငယ်နှောင့်နှေးကြန့်ကြာမှုကြောင့် အဓိကအားဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများ ဖြစ်ပေါ်ခြင်းအား လျော့နည်းသွားစေရန်နှင့် အရောင်းဆိုင်များတွင် ဆီပြတ်လပ်မှု မရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆိုင် ၁၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင် ၂၀၀ ခန့်၊ မန္တလေးတိုင်းဒေသကြီးရှိ ဆိုင် ၇၀၀ ခန့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဆိုင် ၂၅၀ ခန့်တို့ အပါအဝင် နိုင်ငံအဝန်းအရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ် ၁၀၀၀ ကျော်အထိ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပြီး လိုအပ်သည့်အရောင်းဆိုင်များသို့ အရေးပေါ် Urgent နှင့် အထူး Special အစီအစဉ်တို့ဖြင့်လည်း ထပ်တိုးဖြန့်ဖြူးခဲ့ရာ ယနေ့အထိ ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်းဂါလန်သုံးသန်းခန့် ပိုမိုဖြန့်ဖြူးပေးခဲ့သည့်အပြင် ဆီတင်ယာဉ် (Bowser) များ အရောင်းဆိုင်များသို့ အချိန်မီရောက်ရှိ ဖြည့်တင်းနိုင်မှုတို့ကြောင့် ယခုရက်ပိုင်းအတွင်း ယာဉ်တန်းစီဝယ်ယူမှုများ လျော့နည်းကျဆင်းကာ ပုံမှန်ဝယ်ယူမှုအခြေအနေသို့ပြန်လည်ရောက်ရှိခဲ့ပြီး ဆက်လက်တိုးမြှင့် ဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိသည်။

ထို့အပြင် အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီအမယ်လိုက် ဈေးနှုန်းများသည်လည်း ယမန်နေ့ထက် အသီးသီးလျော့နည်း ကျဆင်းလျက်ရှိကြောင်းနှင့် ပြည်ပမှ စက်သုံးဆီများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ကောလာဟလများကြောင့် အများပြည်သူများ လိုအပ်သည်ထက် ပိုမို၍ ဝယ်ယူမှု များပြားသည့်အတွက် လိုအပ်သလောက်သာ ဝယ်ယူကြရန်နှင့် အရေးကြီးအသုံးများသည့် အရောင်းဆိုင်များသို့လည်း ပုံမှန်ဖြန့်ဖြူးမှုထက် ပိုမိုဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မြောင်းမြ ဩဂုတ် ၂၃**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသောအသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ တက်ရောက်အားပေးသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ တံခွန်တိုင်ကျေးရွာမှ ကရင်တိုင်းရင်းသားရိုးရာ သံစုံတီးဝိုင်းအဖွဲ့နှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်"** Video Clip ကို ပြသသည်။





ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများ၌ ကြည့်ရှုလေ့လာနေကြသူများ (အပေါ်ပုံ) နှင့် ဂိမ်းပြိုင်ပွဲများ၌ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသားလူငယ်များအနေဖြင့် ပညာကို ကြိုးစားသင်ယူကြရန် လိုအပ်သကဲ့သို့ မိဘ၊ ဆရာသမားများကိုလည်း ရိုသေလေးစားတတ်ရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာမြင့်မားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိပါကြောင်း။

**စာပေလေ့လာဖတ်ရှု**

နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များသည် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ စာအုပ်စာပေများသည် မိမိတို့အားလုံးကို အသိပညာဗဟုသုတများအား ပေးစွမ်းနိုင်သည့်အတွက် ငယ်စဉ်အချိန်ကပင် ဖတ်ရှုလေ့လာကြရန် လိုအပ်ပါကြောင်း၊ ယခုစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များမှသည် စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပညာရေးမှူးက လက်ခံရယူကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စာကြည့်တိုက်တစ်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၅၀ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

**အသိပညာမြှင့်တင်ပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မြောင်းမြမြို့သည် ပညာရေးနှင့်ပတ်သက်ပါက ထိပ်ဆုံးကရှိသည့် မြို့ကြီးတစ်မြို့ဖြစ်ပါကြောင်း၊ အလားတူ အားကစားကဏ္ဍတွင်လည်း အားကောင်းသည့် မြို့ကြီးတစ်မြို့ဖြစ်ပါကြောင်း၊ ထို့ပြင် မြောင်းမြခရိုင်သည် ပညာရေးဒီဂရီကောလိပ်၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ သူနာပြုသင်တန်းကျောင်းတို့ကို အခြေတည်ဖွင့်လှစ်ထားခြင်းကြောင့် နိုင်ငံတော်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများကို ထိထိရောက်ရောက်ဖြင့် ပညာရှင်များ မွေးထုတ်ပေးရာ မြို့ကြီးတစ်မြို့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးကို ကျင်းပ၍ အသိပညာ မြှင့်တင်ပေးခြင်းအားဖြင့် မြောင်းမြမြို့အား ပိုမိုတိုးတက်ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၂ သို့*

# တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ ($3^{rd}$ ASEAN Women Leaders' Summit) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး ခေါင်းဆောင်များ ညီလာခံ ($3^{rd}$ ASEAN Women Leaders' Summit)ကို ယနေ့တွင် Video Conferencing စနစ်ဖြင့် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးများ အဆင့် Focal Point ဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အာဆီယံ အမျိုးသမီးကော်မတီ (ACW) Focal Point နှင့် အာဆီယံ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ (AWPR) အဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်၊ အာဆီယံအမျိုးသမီး အခွင့်အရေးများဆိုင်ရာ ကိုယ်စား လှယ် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ် ဆိုင်ရာ တာဝန်ခံများက Online ဖြင့် တက်ရောက်ကြသည်။




ဖွင့်ပွဲအခမ်းအနားတွင် လာအို နိုင်ငံ၏ ဝန်ကြီးချုပ် H.E Sonexay Siphandone နှင့် တာဝန်ရှိသူ များက အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် တတိယအကြိမ် မြောက် အာဆီယံအမျိုးသမီး ခေါင်းဆောင်များ ညီလာခံ ၏ ဆောင်ပုဒ်ဖြစ်သော "Strengthening Care Economy and Resilience Towards ASEAN Community Post–2025" နှင့်စပ်လျဉ်း၍ Plenary Session တွင် အာဆီယံနိုင်ငံများ၏ ခေါင်းဆောင်များက Panelist များအဖြစ် ပါဝင်ဆောင်ရွက်၍ အတွေ့အကြုံနှင့် အမြင်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ Plenary Session တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ အနေဖြင့် ရိုးရာယဉ်ကျေးမှုအရ အမျိုးသမီးများအပေါ် အလေးထား တန်ဖိုးထားမှု ဓလေ့များသည် လူမှုအဖွဲ့အစည်းအတွင်း အမြစ် တွယ်လျက်ရှိပြီး အိမ်ထောင်စု များအလိုက် ပြုစုစောင့်ရှောက်မှု ပေးသူ အမျိုးသမီးများကို အသိ အမှတ်ပြု ထောက်ပံ့ကူညီပေး လျက်ရှိပါကြောင်း၊ အာဆီယံလူမှု ကာကွယ်စောင့်ရှောက်ရေး ခိုင်မာ အားကောင်းစေရေး ကြေညာ စာတမ်း၊ အာဆီယံလူမှုစီးပွားဘဝ စောင့်ရှောက် အကာအကွယ်ပေး ရေးဆိုင်ရာ မူဘောင်တို့နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနသည် အမျိုးသားအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင် ချမှတ်ဖော်ဆောင်ခဲ့ပြီး အဆိုပါအစီအစဉ်၏ လုပ်ငန်း နယ်ပယ် (၈) ခုအနက် ကိုယ်ဝန် ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ် နှင့်အောက် ကလေးသူငယ်များ အား ထောက်ပံ့ခြင်းအစီအစဉ်နှင့် လူမှုရေးပင်စင် ထောက်ပံ့ခြင်း တို့ကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်နှင့်အောက် ကလေးသူငယ် များအား ထောက်ပံ့ခြင်းအစီအစဉ် အတွက် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၌ အကျိုးခံစားခွင့်ရှိသူ ၂၉၀၀၀၀ ကို စုစုပေါင်းငွေကျပ်ဘီလီယံ သန်းပေါင်း ၁၄ ဘီလီယံ ထောက်ပံ့ နိုင်ခဲ့ပါကြောင်း၊ လူမှုရေးပင်စင် ထောက်ပံ့ခြင်းအတွက် ၂၀၂၃– ၂၀၂၄ ဘဏ္ဍာနှစ်တွင် အကျိုးခံစား ခွင့်ရှိသူ ၁၆၀၀၀၀ ကို စုစုပေါင်း ငွေကျပ်ဘီလီယံသန်းပေါင်း ၁၆ ဘီလီယံ ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် သက်ကြီးသူများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ် ထားရှိပေးပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး သင်တန်း များပြုလုပ်ပေးခြင်း၊ သက်ကြီးသူ များဖြင့် ပါဝင်စုဖွဲ့ထူထောင်ထားရှိ သည့်အဖွဲ့များသို့ နှစ်စဉ် ငွေကြေး ထောက်ပံ့ပေးခြင်းတို့ကို ဆောင် ရွက်ပေးလျက် ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက် မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၄ နာရီ ဖုန်းခေါ်ဆိုမှု ဝန်ဆောင်မှု ကို ၂၀၁၆ ခုနှစ်မှ စတင်ခဲ့ပြီး သတင်းပေးပို့ တိုင်ကြားလာသူ များကို လူမှုရေးရာဖြစ်ရပ် စီမံ ခန့်ခွဲမှု လုပ်ငန်းလမ်းညွှန်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ထို့အပြင် ကလေးသူငယ် များအတွက် အနာဂတ်သင်ယူမှု နှင့် ဘဝသာယာရေးတို့အတွက် ခိုင်မာသော အခြေခံအုတ်မြစ် ချမှတ်နိုင်စေရန်အတွက် ရှေးဦး အရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေး (ECCD) လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ တစ်နိုင်ငံလုံးတွင် မူလတန်းကြိုကျောင်း ၂၇၀၀ နှင့် မိခင်ဝိုင်း ၅၃၅ ဝိုင်းတို့ကို တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပါ ကြောင်း။

မသန်စွမ်းသူများ အတွက် လည်း မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၇) ကို ရေးဆွဲပြီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြုစုစောင့်ရှောက်သူများကို ဂုဏ်ပြု ခြင်းနှင့် မြှင့်တင်ပေးခြင်း စသည့် အခြေခံအချက်များကို အတူတကွ ဆောင်ရွက်ခြင်းဖြင့် အာဆီယံ ဒေသအတွင်းရှိ အမျိုးသမီးများ၊ ပြုစု စောင့်ရှောက်သူများနှင့် မိသားစုများအတွက် ကူညီ ထောက်ပံ့မှုများရရှိစေမည်ဖြစ်ပါ ကြောင်း ဆွေးနွေးပြောကြား သည်။

ထို့နောက် လာအိုနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့ပြီး ညီလာခံကို ရုပ်သိမ်း သည်။ အာဆီယံနိုင်ငံများမှ လူမှု စီးပွားဘဝစောင့်ရှောက်ကာကွယ် ပေးရေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိသော အစိုးရဌာနဆိုင်ရာများကို Care Economy Award ဆု ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံ အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ Care Economy Award ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူ တော် (အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာ အချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစ တွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံ တော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူ တော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ် ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်း သဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင် ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသား အရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူ တော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ၂ နှစ်၊ ၁ လ သားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၇ လက်မ ကိုယ်လုံး လုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၁၉ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော် ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာ ပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော် လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်း ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော် လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန် စွာ ဆက်ဆံတတ်စေရန် လေ့ကျင့် သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၁ မှ*

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရှင်သန်ခိုင်မာသည့် ကျေးရွာ စာကြည့်တိုက် ၃၂၃ တိုက် အတွက် သုတစာအုပ် ၆၄၆၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ လူမှု ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား/ ကျောင်းသူများက **"ပညာ ဘဏ်တိုက် စာကြည့်တိုက်သို့ သွား ကြစို့"** သီချင်းဖြင့်ဖျော်ဖြေ၍ စာရေးဆရာ မောင်လှိုင်းသစ် (ချစ်စရာမြေ) က **"မြောင်းမြနှလုံးသား"** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မြောင်းမြမြို့ ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား/ ကျောင်းသူ များက **"ကျေးလက်သဘာဝ တိုင်းရော အလှ"** သီချင်းဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် ဖြိုးမြတ်အောင် နှင့် ရွှေတံဆိပ်ဆုရှင်များက **"နှလုံးသား ကို အလှဆင်ပါ"** သီချင်းဖြင့်လည်း ကောင်း၊ တံခွန်တိုင်ကျေးရွာမှ ကရင် တိုင်းရင်းသား သံစုံတီးဝိုင်းအဖွဲ့က တေးသံသာများတီးမှုတ်၍ လည်း ကောင်း၊ ကရင်တိုင်းရင်းသား ရိုးရာစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့က ကရင်ရိုးရာ အကဖြင့်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"မြန်မာပြည်မှာ စာပဒေသာ ဝေဆာစေ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ် ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော်အတွင်း ခင်းကျင်းပြသထား သော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာ ပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကား ပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေ မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ သည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Friday Night Show အစီအစဉ်၏ "International Songs" ဖျော်ဖြေရေးအစီအစဉ် ကြည့်ရှုအားပေး

**ရန်ကုန် ဩဂုတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုရှားသံရုံးမှ ယဉ်ကျေးမှုသံမှူးနှင့် အဖွဲ့ဝင်တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုအေ၅ကျင်းပသည့် Friday Night Show အစီအစဉ်တွင် MRTV Orchestra တီးဝိုင်း၏ "International Songs" ဖျော်ဖြေရေးအစီအစဉ်ကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ကြိုဆိုနှုတ်ဆက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့် အဖွဲ့ဝင်တို့ကို ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တေးသံရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်တွင် မြန်မာ၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အင်္ဂလန်နိုင်ငံတို့မှ တေးသီချင်းများဖြင့် တေးသံရှင် ထက်လေးရွှေဘို၊ မြင့်မြတ်ကျော်၊ မင်းမြတ်သော်၊ လဝန်းမေ၊ မို့မို့ကျော်လွင်၊ ထွန်းပပအောင်၊ မြင့်မိုရ်သွန်းခ၊ စိမ့်နေခြည်နှင့် John Skid တို့က မြူးကြွသော သီဆိုမှုတို့နှင့်အတူ ဖူးပွင့်ရွှေရည်လှိုင်၊ သဉ္ဇာမွန်၊ ယွန်းဝတီအောင်နှင့် ချောစုတို့က တေးသရုပ်ဆောင်တို့၏ ဖျော်ဖြေမှုတို့ဖြင့် တင်ဆက်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့်အဖွဲ့ဝင်တို့က ဖျော်ဖြေရေးအစီအစဉ်တွင် သီဆို၊ တီးမှုတ် ဖျော်ဖြေခဲ့ကြသည့် MRTV Orchestra တီးဝိုင်းနှင့် တေးသံရှင်တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့် အဖွဲ့ဝင်တို့ကို အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးနှင့် အဖွဲ့ဝင်တို့သည် MRTV Orchestra တီးဝိုင်းနှင့် တေးသံရှင်တို့ကို လိုက်လံနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

**ထုတ်လွှင့်ပြသခဲ့**

အများပြည်သူ ပြုံးပျော်ရွှင်စေရန်နှင့် နှလုံးစိတ်ဝမ်းအေးချမ်းစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Friday Night Show အစီအစဉ်များကို အပတ်စဉ် သောကြာနေ့ ည ၉ နာရီတွင် မြန်မာသံစဉ်၊ ခေတ်ပေါ်တေးသီချင်း၊ နိုင်ငံတကာတေးသီချင်းနှင့် အာဆီယံနိုင်ငံများမှ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးလျက်ရှိရာ ယနေ့ညတွင် Friday Night Show အစီအစဉ်၏ "International Songs" ဖျော်ဖြေရေးအစီအစဉ်ကို ပြည်သူများ အားပါးတရ ကြည့်ရှုခံစားနိုင်ရန် MRTV HD၊ MRTV Telegram၊ MRTV Application တို့အပြင် ဆိုရှယ်မီဒီယာအွန်လိုင်း ပလက်ဖောင်းတို့တွင်လည်း ထုတ်လွှင့်ပြသခဲ့ပြီး လာရောက်ကြည့်ရှုကြသည့် ပရိသတ်များကလည်း တစ်ခဲနက် အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာဆွေးနွေးပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

ဗဟိုဘဏ်ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဝန်ကြီးဌာနများနှင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များမှ အဆင့်မြင့်အရာထမ်းများ၊ ပြင်ပအဖွဲ့အစည်းများမှ ပညာရှင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနအသီးသီးမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ကမ္ဘာ့နိုင်ငံအများစုတွင် ထုတ်ဝေပြီး/ ထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေး (Central Bank Digital Currency–CBDC) နှင့် စပ်လျဉ်းသည့် ထုတ်ဝေမှု နည်းလမ်း၊ လုပ်ငန်းဆောင်ရွက်မှုစနစ်၊ နည်းပညာပိုင်းဆိုင်ရာ အခန်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုအခြေအနေနှင့် စိန်ခေါ်မှုများကို သုံးသပ်ဆွေးနွေးနိုင်စေရန်နှင့် ပြည်တွင်း/ ပြည်ပ အခြေအနေများ၊ မိမိတို့ရှိ Digital Ensuring Level ရောက်ရှိမှုအခြေအနေ၊ မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နှိုင်းယှဉ်စဉ်းစားမှုများပြုလုပ်နိုင်ရန်၊ CBDC ထုတ်ဝေသုံးစွဲမှုမပြုမီ နည်းပညာပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ အကောင်အထည်ဖော်နိုင်မှုများကို သေချာစွာ လေ့လာဆန်းစစ်နိုင်ရန်နှင့် နိုင်ငံ၏ ငွေပေးချေမှုစနစ်အပါအဝင် ငွေရေးကြေးရေးဆိုင်ရာ စမ်းသပ်လေ့လာမှုများကို ဆောင်ရွက်နိုင်ရန်၊ ဗဟိုဘဏ်၊ ငွေကြေးအာဏာပိုင်အဖွဲ့နှင့် အခြားသက်ဆိုင်ရာ စည်းမျဉ်း ထိန်းကျောင်းသူများအနေဖြင့် နည်းပညာတိုးတက်ပြောင်းလဲမှုများအပေါ် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး၊ မိမိတို့၏ ငွေရေးကြေးရေး ကဏ္ဍအပေါ် သက်ရောက်စေမည့် ဆုံးရှုံးနိုင်ခြေများကို တတ်နိုင်သလောက် လျှော့ချနိုင်ရန်၊ စည်းမျဉ်း ထိန်းကျောင်းမှုများကို ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာရပ်များနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်၊ ဗဟိုဘဏ်၏ မူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှုများအပြင် နည်းပညာပိုင်းများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ စသည့်အခန်းကဏ္ဍများမှာလည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ဌာနများနှင့်အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များအကြား CBDC နှင့် စပ်လျဉ်းသည့် လေ့လာထားရှိမှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်တို့အတွက် ယနေ့ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ပါမောက္ခ ဒေါက်တာမင်းသိန်းက "ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ ညွှန်ကြားရေးမှူး ဒေါ်နှင်းထက်ထက်ဝင်းက "ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး ထုတ်ဝေမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု စနစ်နှင့် ထုတ်ဝေမှုစကြံများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Payment Union ၏ဥက္ကဋ္ဌ ဦးမင်းဝင့်ဦးက "ဒစ်ဂျစ်တယ်ငွေပေးချေမှုအကြောင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်က "Protecting Digital Currencies: The Role of Cybersecurity in CBDC" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Information Technology Pte.Ltd ၏ Deputy Managing Director ဦးနေလင်းသန်းက "Digital Transformation in Finance Industry: The Promise of Blockchain Technology" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ အလုပ်အမှုဆောင် ဒေါ်ပန်းအိဖြူက "Blockchain Enable the Future of Multi–CBDC Cross–border Payments" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ အဆင့်မြင့်အရာထမ်းများ၊ ပညာရှင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဌာနအသီးသီးမှ တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းနှင့် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များနှင့် အတွေ့အကြုံဗဟုသုတများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ရောဝတီဖောင်ဒေးရှင်းက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ရောဝတီဖောင်ဒေးရှင်းက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (Gold Camp) ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အားကစားနည်းအလိုက် နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀ နှင့် ဆန် ၁၂ ပြည်အိတ် ၂၀၀ လှူဒါန်းရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ထိုင်းနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ထိုင်လျက်ဘော်လီဘောအသင်းကို ကြည့်ရှုအားပေးကြသည်။



(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အားကစားနည်း၁၁နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ချောင်းဦးမြို့နယ်ရှိ ပြည်သူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ပြည်သူနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပြီး ချောင်းဦး – ပခုက္ကူသွား လမ်းခွဲတစ်နေရာ၌ ခြေလက်များ ကြိုးတုပ်ထားသည့် အမျိုးသား ရုပ်အလောင်းတစ်လောင်းကို စွန့်ပစ်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ရက်စက်ယုတ်မာစွာ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်




အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၂) အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်–၂)၊ အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်နှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ ဘောလုံးပြိုင်ပွဲကို ဆက်လက်ကြည့်ရှုအားပေးကြသည်။

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်–၂)၊ အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲများကို နေပြည်တော်တွင် ဩဂုတ် ၂၅ ရက်အထိ နေ့စဉ် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် – မန်း**

# မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၃ နာရီက မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်



ဂန္ဓမာလမ်းပေါ်တွင် ဗိုလ်ဗလ(ခ) ဗလ မောင်းနှင်ပြီး စိုင်းနော်ခမ်း လိုက်ပါလာသည့် SUCCEED အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်မင်းထွန်း (ခ)အောင်ကြီး အား လမ်းမတော်မြို့နယ် (၉)ရပ်ကွက် ဘိုးရာဇာလမ်းရှိ နေအိမ်တွင်လည်းကောင်း၊ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စိုင်းခေး(ခ)စိုင်းစံမီး အား တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၆)တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် ဗိုလ်ဗလ(ခ)ဗလ(၃၆)နှစ်၊ စိုင်းနော်ခမ်း(၃၆)နှစ်၊ အောင်မင်းထွန်း(ခ) အောင်ကြီး(၄၂)နှစ်နှင့် စိုင်းခေး (ခ)စိုင်းစံမီး (၂၈) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ARAKAL” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မိချောင်းအိုင်ကျေးရွာနေ သန်းဇော်ဝင်းအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Zaw Linn Htoot” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်နေ ဇော်လင်းထွဋ်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ “@Moesat May866” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နေ စုစုတင်အား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ “@sanphyo” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာနေ အောင်ဖြိုး(ခ)မှန်ကြီးအား ည ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အိန္ဒိယအရှေ့မြောက်ပိုင်းတွင် ရေကြီးမှုကြောင့် ၂၂ ဦး သေဆုံးပြီး ရေဘေးသင့်သူ ၁ ဒသမ ၇ သန်းရှိ

နယူးဒေလီ ဩဂုတ် ၂၃

**အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ထရီပူရာပြည်နယ်တွင် လွန်ခဲ့သည့် လေးရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ရေကြီးရေလျှံမှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။**

ဒေသဆိုင်ရာအခွန်ဌာန၏ အဆိုအရ ရေကြီးရေလျှံမှုကြောင့် ပြည်နယ်အတွင်းရှိ လူပေါင်း ၁ ဒသမ ၇ သန်းခန့် ထိခိုက်ခံခဲ့ရပြီး လူနေအိမ်များ၊ အခြေခံအဆောက်အအုံများ၊ လမ်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးမှု များပြားကြောင်း ဒေသဆိုင်ရာ အစိုးရအကြီးတန်းအရာရှိ ဘရီဂျက်ရှ် ပန်ဒေးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ပြည်နယ်တစ်ခုလုံးတွင် ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၄၅၀ ထူထောင်ထားပြီး လူပေါင်း ၆၅၀၀၀ ကျော် ဘေးလွတ်ရာတွင် ခိုလှုံနေကြရသည်။ ပြည်နယ်အတွင်းရှိ မြစ်များ၏ ရေအမှတ်များသည် သိသိသာသာ မြင့်မားနေဆဲဖြစ်ပြီး ရေကြီးမှုသည် ဂိုမာတီ၊ ထရီပူရာတောင်ပိုင်း၊ အူနာကိုတီနှင့် ထရီပူရာအနောက်ပိုင်းခရိုင်များကို ဆိုးရွားစွာ ထိခိုက်ခဲ့သည်။ ရေကြီးမှုကြောင့် ထရီပူရာပြည်နယ်မြို့တော် အဂါတာလာမှ ရထားခရီးစဉ်ဝန်ဆောင်မှုများလည်း ထိခိုက်ခဲ့သည့်အပြင် ဂိုမာတီ၊ ထရီပူရာ တောင်ပိုင်းနှင့် အခြားသော ရေဘေးသင့်ဒေသများတွင် ဆက်သွယ်ရေး ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။ ရေဘေးသင့် ဒေသများရှိ အခြေခံပညာကျောင်းများကိုလည်း နောက်ထပ်အမိန့်မထုတ်မချင်း ယာယီပိတ်ထားသည်။



အဂါတာလာမြို့ရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။

ထို့အတူ မြေပြိုမှုဖြစ်ပေါ်ခဲ့သည့် နေရာပေါင်း ၂၀၃၂ ခုအနက် ၁၇၈၉ ခုကို ရှင်းလင်းခဲ့ပြီး ကျန်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း ပန်ဒေးက ပြောသည်။ ဒေသဆိုင်ရာ အစိုးရက ရေဘေးသင့်ဒေသများသို့ အကူအညီနှင့် အထောက်အပံ့များ တိုးချဲ့ပေးရန်အတွက် အိန္ဒိယလေတပ်ထံမှ အကူအညီတောင်းခံထားသည့်အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့များကိုလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်စေလွှတ်ထားရသည်။

တစ်ချိန်တည်းတွင် အိန္ဒိယမိုးလေဝသဌာနက ပြည်နယ်၏ နေရာအတော်များများတွင် မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားပြီး အနီရောင်သတိပေးချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံ၌ ဟိုတယ်မီးလောင်မှုကြောင့် ခုနစ်ဦးထက်မနည်းသေဆုံး

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်အနီး ဟိုတယ်တစ်လုံး၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဩဂုတ် ၂၂ ရက် ည ၇နာရီခွဲခန့်တွင် မီးလောင်မှုသတင်းပို့ချက်ကို ရရှိခဲ့ကြောင်း မီးသတ်ဌာနက ပြောသည်။ ဘူချွန်မြို့ ကိုးထပ်မြင့်ဟိုတယ်၏ ရှစ်ထပ်မြောက်ညှော့ခန်းမှ မီးခိုးများ ထွက်လာကြောင်း သတင်းပို့ချက် ရရှိခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူခုနစ်ဦးစလုံးမှာ ကိုရီးယားနိုင်ငံသားများ ဖြစ်သည်ဟု တောင်ကိုရီးယား အများပြည်သူ ရုပ်သံလိုင်းဖြစ်သည့် ကေဘီအက်စ်တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားစဉ် ဟိုတယ်၌ ညှော့သည် ၂၃ ဦးရှိပြီး ညှော့ခန်းများနှင့် လှေကားထစ်များတွင် လူသေလောင်းများကို တွေ့ရသည်ဟု သတင်းတွင် ဖော်ပြထားသည်။

အဆောက်အအုံ အတွင်း မီးခိုးများ ပျံ့နှံ့နေသည့်အတွက် လူသေဆုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။ မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းကို ရဲများနှင့် မီးသတ်အရာရှိများက စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။ အဆိုပါဟိုတယ်သည် ဆိုးလ်မြို့ ဂင်ပိုလေဆိပ် အနောက်တောင်ဘက် ၇ ကီလိုမီတာအကွာ မြို့ပြဧရိယာတွင် တည်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



အဲမ္ဗီနှင့် တာကာဇိုနို ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ONE Friday Night-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သုံးဦး အနိုင်ရပြီး နှစ်ဦးရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၃**

ONE Friday Night–76 ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာသုံးဦး အနိုင်ရပြီး နှစ်ဦး ရှုံးနိမ့်ခဲ့သည်။

မြန်မာဖိုက်တာများအနက် ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်သည် ထိုင်းဖိုက်တာ ကော်ပိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီတွင် အရေးနိမ့်ခဲ့သည်။ ကော်ပိုင်သည် ပထမအချီကတည်းက လက်ရည်အနည်းငယ်သာခဲ့ပြီး ၎င်း၏ လက်သီးချက်ကြောင့် ပထမအချီပြီးခါနီးတွင် ထွန်းမင်းနိုင် အမှတ်စဉ်ရေတွက်ခဲ့ရသည်။ ဒုတိယအချီအစ ၁၆ စက္ကန့်တွင် ညာလက်သီးကြောင့် ထွန်းမင်းနိုင်(ခ)ဆူလိုင်မန် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာဖိုက်တာ စစိုးသီဟနှင့် ဂျပန်ဖိုက်တာ ဟီရိုင်တို့ပွဲတွင် ဟီရိုင်က ဒုတိယအချီ ၁ မိနစ် ၂၄ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့သည်။ လက်ရည်အရ ကွာခြားမှုမရှိသော်လည်း ဟီရိုင်၏ ခြေကန်ချက်ကြောင့် စစိုးသီဟ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာဖိုက်တာ အဲမ္ဗီနှင့် ဂျပန်ဖိုက်တာ တာကာဇိုနိုတို့ပွဲတွင် အဲမ္ဗီက ဒုတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။ လက်ရည်အရ ကွာခြားမှုမရှိသဖြင့် အပြန်အလှန်ထိုးသတ်နိုင်ခဲ့ပြီး ပထမအချီပြီးခါနီးတွင် အဲမ္ဗီ အမှတ်စဉ်တစ်ကြိမ် ရေတွက်ခံခဲ့ရသည်။ ဒုတိယအချီတွင်မူ အဲမ္ဗီက ထိချက်ပိုကောင်းလာပြီး ဒုတိယအချီ ၂ မိနစ် ၁၈ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။

သွေးလင်းထက်နှင့် ထိုင်းဖိုက်တာ ဂန်ချိုင်းတို့ပွဲတွင် သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ သွေးလင်းထက် အနိုင်ရခဲ့သည်။ နှစ်ဦးစလုံး မာဂုဏ်မြင့်သောကြောင့် အပြန်အလှန် ထိုးသတ်နိုင်သော်လည်း သွေးလင်းထက်၏ လက်သီးချက်များ၊ တံတောင်ရိုက်ချက်များ ထိမှန်ခဲ့သောကြောင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲထိုးသတ်ခဲ့သည့် နှစ်ဦးစလုံး ONE Championship အမှုဆောင်အရာရှိချုပ် ချက်သရီဆစ်ယိုထောင်းချီးမြှင့်သည့် ဘတ်သုံးသိန်းခွဲစီရရှိသည်။ Co–Main Event အဖြစ် ကျင်းပသည့် သန့်ဇင်နှင့် ထိုင်းဖိုက်တာ TAI တို့ပွဲတွင် သန့်ဇင်က ပထမအချီ ၁ မိနစ် ၁၄ စက္ကန့်မှာပင် အလဲထိုး အနိုင်ရခဲ့သည်။ သန့်ဇင်သည် ပွဲစကတည်းက ခြေကန်ချက်များ ဆက်တိုက်ကန်ရာ ပြိုင်ဘက် TAI အထိနာခဲ့ပြီး အမှတ်စဉ်နှစ်ကြိမ် ရေတွက်ခံရသည်။ ၁ မိနစ် ၁၄ စက္ကန့်တွင်မူ သန့်ဇင်က လက်သီးချက်များ ဆက်တိုက်ထိုးပြီး ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

ညီမြတ်သော်တာ ၊ ဓာတ်ပုံ–ONE Championship


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ – ၈ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၀၀ ကျပ် | ၃၂၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၇၅ ကျပ် | ၃၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၁၁၅ ကျပ် | ၃၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၆၂၂ | ၅၅၄၆၃၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၇၁၈ | ၂၄၉၃၃၅၀ |
| MCB | ၈၅၀၀ | ၈၉၀၀ | ၁၉ | ၁၆၁၉၀၀ |
| FPB | ၁၈၀၀ | ၁၈၅၀ | ၅၃၀၅ | ၉၅၄၉၀၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉၅၈ | ၂၆၈၂၄၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၃၀၈ | ၅၃၉၀၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၂၁ | ၁၀၁၆၆၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁ | ၃၄၀၀ |

# သူငယ်ချင်းတို့ရဲ့ ပအိုဝ်းဒေသ၊ ထာဝရအေးချမ်းပါစေ

မြင့်စိုး(နတလ)

**တစ်ခါတုန်းက မဲနယ်တောင်တန်းပေါ်မှာ**

"ဦးထွန်းရင်လောကို မှတ်မိကြလားဗျ"

"မှတ်မိပါတယ်"

"ဒေါ်ကြူကြူမားကိုရော"

"မှတ်မိတယ်"

ကျွန်တော့်ရှေ့မှာ ထိုင်နေကြသော ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူတွေထဲမှာ အသက်အရွယ်အားဖြင့် ၅၀ ကျော်၊ ၆၀ တန်းတွေ ပါဝင်နေသောကြောင့် အထက်ပါပုဂ္ဂိုလ်နှစ်ဦး ၏ အမည်ကို ကျွန်တော်က အမှတ်ရစွာ မေးလိုက်မိသလို၊ သူတို့ကလည်း သတိရစွာ တညီတညာတည်း ဖြေကြသည်။ မှတ်မိပါသည်…တဲ့။ နေရာကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ မဲနယ်တောင်တန်းပေါ်မှာ။

သည်နေရာ၊ သည်ဒေသ၊ သည်တောင်တန်းပေါ်က ပချားကလို့၊ ကျောက္ကချားအပါအဝင် ရွာပေါင်းများစွာကို လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ကာလကတည်းက ရောက်ဖူးခဲ့သည်။ တိတိကျကျပြောရလျှင် ၁၉၈၂-၁၉၈၃ ခုနှစ်တွေမှာ တပ်မတော်သားဘဝဖြင့် စတင်ရောက်ဖူးခဲ့ခြင်းဖြစ်၏။ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးထွန်းရင်လောနှင့် ပါတီဘက်မှာ ဒေါ်ကြူကြူမားတို့ တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်၍ ထိုစဉ်က ဒေသပါတီဥက္ကဋ္ဌမှာ တိုင်းမှူးဗိုလ်ချုပ်အေးစန်ဟု ထင်မြင်မိပါသည်။

ထိုစဉ်က ပအိုဝ်းဒေသအတွင်း လှုပ်ရှားနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ ဦးအောင်ခမ်းထီ၏ PNO အဖွဲ့၊ ဦးတာကလယ်နှင့် စောဖားမူတို့၏ ရလလဖအဖွဲ့၊ ကယားပြည်နယ်နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေ၍ ကလလတ ထွန်းကျော်အဖွဲ့၊ သန်းချ (ငြိမ်းချမ်းရေးယူပြီးချိန်တွင် ကယန်းပြည်သစ်ပါတီအဖွဲ့ခေါင်းဆောင် ဦးသန်းစိုးနိုင်) အဖွဲ့၊ ကျွန်တော်ပညာသင်ကြားခဲ့ဖူးသော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ ပရဟိတ ကျောင်းမှာ လေးတန်းအထိ လာရောက်နေထိုင်သွားသည့် ဟန်းသလော (MTA ဟိုမိန်း ဒေသမှာ ပြန်တွေ့ရချိန်၌ သူ့နာမည်ကို လဝေထန်ဟု ပြောင်းထားသည်) အဖွဲ့တို့ ဖြစ်သည်။

PNO အဖွဲ့မှလွဲ၍ ကျန်လက်နက်ကိုင်အဖွဲ့အားလုံး ဗကပနှင့်တွဲ၍ လှုပ်ရှားခဲ့ကြသည်။



ပင်လောင်းမြို့နယ် နောင်မွန်းကျေးရွာ ရွှေတက်တိုး မွေးမြူရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။

ထိုစဉ်က ၎င်းတို့လှုပ်ရှားရာ နယ်မြေများမှာ ဆီဆိုင်အရှေ့ခြမ်းဒေသများနှင့် မဲနယ်တောင် တန်းပေါ်၌လည်းကောင်း၊ ဆီဆိုင်တောင်ခြမ်းဒေသနှင့် သံတံတားမှကူး၍ ပွန်ချောင်းအရှေ့ဘက်ကမ်းမှသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများဖြစ်သော မိုးနဲ၊ မောက်မယ် ဆက်စပ်နယ်မြေများအထိ ဖြစ်သည်။ PNO အဖွဲ့ကတော့ ပင်လောင်းမြို့နယ်နှင့် ဟိုပုံးမြောက်ခြမ်း၊ ကျောက်တန်းဒေသတွေမှာ အများဆုံးလှုပ်ရှားခဲ့ကြသည်။ ၁၉၈၅ ခုနှစ်အထိ ၃/၄ ကြိမ်ထက်မနည်း ထိုခွင်တွေထဲမှာ စစ်ဆင်ရေးဝင်ခဲ့ရ၏။

ထိုမှ ဦးအောင်ခမ်းထီ ဦးဆောင်သော ပအိုဝ်းအမျိုးသားငြိမ်းချမ်းရေးအဖွဲ့ (PNO) သည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး ကျောက်တလုံးကြီးဒေသတွင် အခြေပြုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်ခဲ့သည်မှာ ယနေ့ကာလတိုင်ဖြစ်သည်။ ထို့အတူ ဦးတာကလယ်၏ ရလလဖအဖွဲ့သည်လည်း ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သဖြင့် ဆီဆိုင်တောင်ခြမ်း နောင်ထော်ဒေသ၌ အခြေပြုခဲ့ကြသည်။

ဦးတာကလယ်အဖွဲ့ ဝင်ရောက်မလာမီကတည်းကပင် ကယားပြည်နယ်အတွင်း၌ ကလလတအဖွဲ့သည် ၁၉၉၄ ခုနှစ် မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ ကယန်းပြည်သစ်ပါတီအဖွဲ့သည် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ လေးမျက်နှာပရဟိတကျောင်းက ကျွန်တော်တို့၏ ကျေးဇူးရှင်ဆရာတော်ကြီးများဖြစ်ကြသော ဦးပညာလောက၊ ဦးဇောတိပါလတို့၏ တပည့်ဖြစ်ခဲ့ဖူးသူ ဟန်းသလော (ခ) လဝေထန်တစ်ယောက်ကတော့ KNPP နှင့်လည်း တွဲ၍ လှုပ်ရှားသည်။ ဗကပနှင့်လည်းတွဲသည်။ ပင်လောင်းခွင်မှာ ကျွန်တော်ရှိနေစဉ် ကျောင်းနေဘက်သူငယ်ချင်းများမှတစ်ဆင့် ဟန်းသလော အလင်းဝင်ရောက်ရေးကို စည်းရုံးကြည့်ခဲ့ဖူးသည်။ နောက်တော့ သူလည်း KNPP အဖွဲ့ကနေ ဦးခွန်ဆာ၏ MTA အဖွဲ့သို့ ရောက်သွားပုံရသည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅၊ ၆ ရက်တွေမှာ MTA အဖွဲ့ကြီး အကြွင်းမဲ့လက်နက်စွန့်ချိန်၊ ကျွန်တော်လည်း တပ်မတော်သားဘဝကနေ နယ်ဘက်တာဝန်ကူးပြောင်းထမ်းဆောင် ပြီး နတလသို့ ရောက်နေချိန်၊ MTA ဌာနချုပ်(ဟိုမိန်း)သို့သွား၍ အထူးအုပ်ချုပ်ရေးအဖွဲ့ တာဝန်များကို ထမ်းဆောင်ရစဉ် ဟန်းသလော (ခ) လဝေထန်နှင့် ပြန်တွေ့ရသည်။ ဖယ်ခုံဘက်သို့ ပြန်သွားပြီးနောက် ကွယ်လွန်သွားပြီဟု ကြားလိုက်ရ၏။

**ငြိမ်းချမ်းရေးရေပြင်ထက်က ဂယက်တစ်ခု**

ဆိုရသော် ပအိုဝ်းဒေသ၊ နောင်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုလုံး ၁၉၉၄ ခုနှစ်မှ ယနေ့အချိန်အထိ တည်ငြိမ်အေးချမ်းသွားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေ ရခဲ့သည်။ ဘာသာတရားကိုင်းရှိုင်းသော၊ အလှူအတန်းရက်ရောသော လူမျိုးဖြစ်၍ နိုင်ငံတော်အစိုးရက မိဘနေရာမှနေ၍ ကျပ်သိန်း ၁၀၀ မတည်ပေးလျှင် သူတို့က ကျပ်သိန်း ၂၀၀၊ ၃၀၀ ဝိုင်းထည့်ဝင်ကာ ဆေးရုံဆေးခန်းတွေ၊ စာသင်ကျောင်းတွေ၊ လမ်း၊ တံတားတွေ တည်ဆောက်ဖောက်လုပ်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့သော် နှစ်ပေါင်း ၃၀ ကျော် အေးချမ်းတည်ငြိမ်စွာ ရပ်တည်လာခဲ့သော ပအိုဝ်းဒေသအတွင်း ပြီးခဲ့သည့် နှစ်ဆန်းပိုင်း ဇန်နဝါရီလ ၂၀ ရက်နေ့ ညပိုင်း၌ ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ PNLO အဖွဲ့၏ တရားမဝင်လက်နက်ခဲယမ်းများ သယ်ဆောင်လာမှုဖြစ်စဉ်မှ အစပြုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုကိုမခံယူဘဲ ပြန်လည်ပစ်ခတ်ခြင်း၊ လက်နက်/ခဲယမ်းတင်ဆောင်လာသောယာဉ်များကို မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ပေါက်ကွဲမှုများနှင့်အတူ စံဖူးကျေးရွာရှိ နေအိမ် ၂၇ လုံး မီးလောင်ပြာကျခဲ့ရသည်။

ထိုဖြစ်စဉ်၏ နောက်ဆက်တွဲအဖြစ် မဲနယ်တောင်တန်းပေါ်ရှိ နန်းဟူး၊ ပန်လျန်း၊ ကျောက္ကချားကျေးရွာများတွင် ထိတွေ့တိုက်ပွဲဖြစ်မှုများ ရှိလာကာ နေအိမ်အချို့ မီးလောင် ဆုံးရှုံးခဲ့သည်။ စင်စစ်သော်ကား PNLO အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသောအဖွဲ့ဖြစ်ပြီး ပအိုဝ်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ကူညီစောင့်ရှောက် ကာကွယ်ပေးရမည့်အဖွဲ့ဖြစ်သည်။ PNLO သည် ဦးတာကလယ်၏ ရလလဖအဖွဲ့မှနေ၍ ခွဲထွက်သည့် အဖွဲ့ခွဲများထဲက တစ်ဖွဲ့ဖြစ်သည်။

PNLO အစပျိုးလိုက်သည့် မီးတောက်က စံဖူး၊ နန်းဟူး၊ ပန်လျန်း၊ ကျောက္ကချားလောက်မှာပဲ ရပ်မနေခဲ့၊ ကယားပြည်နယ်ထဲက အကြမ်းဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ထိပါးနှောင့်ယှက်ခဲ့သည်။ ဆီဆိုင်ဈေးကြီးအပါအဝင် ဒေသခံတိုင်းရင်းသားများ၏ နေအိမ်များ၊ ရုံးများ မီးလောင်ဆုံးရှုံးခဲ့သည်။ မိမိလူမျိုးများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ကိုယ်တိုင်ဦးဆောင်ပါဝင်ခဲ့သော PNLO ၏ လုပ်ရပ်အပေါ် အံ့ဩမှင်တက်ခဲ့ရသည်။ ဆီဆိုင်မြို့လေးကို ၁၉၈၂ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သည်။ နတလဝန်ထမ်းဘဝဖြင့် တပ်မတော်သားဘဝက မိမိတို့နေခဲ့သည့်နေရာ၊ ထိုစဉ်က တပ်မမှူး ဗိုလ်မှူးကြီး ဖုန်းမြင့် ရုံးထိုင်သည့် တပ်မကုန်းနေရာတို့မှာ အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့သည်။

လွယ်ဆန်စစ်ရွာက နာနတ်သီးအလွန်ချိုတာကို မမေ့သလို ၁၉၈၀ ပြည့်လွန်နှစ်များက ဆိုက်ခေါင်ကျေးရွာလေးသည် မြို့ငယ်လေးတစ်ခုပမာ ဖွံ့ဖြိုးစည်ပင်လာပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသများသို့လည်းကောင်း၊ ကယားပြည်နယ်သို့လည်းကောင်း

*စာမျက်နှာ ၁၇ သို့*

❍ **ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုလုံး ၁၉၉၄ ခုနှစ်မှ ယနေ့အချိန်အထိ တည်ငြိမ်အေးချမ်းသွားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေ ရခဲ့သည်။ ဘာသာတရားကိုင်းရှိုင်းသော၊ အလှူအတန်းရက်ရောသော လူမျိုးဖြစ်၍ နိုင်ငံတော်အစိုးရက မိဘနေရာမှနေ၍ ကျပ်သိန်း ၁၀၀ မတည်ပေးလျှင် သူတို့က ကျပ်သိန်း ၂၀၀၊ ၃၀၀ ဝိုင်းထည့်ဝင်ကာ ဆေးရုံဆေးခန်းတွေ၊ စာသင်ကျောင်းတွေ၊ လမ်း၊ တံတားတွေ တည်ဆောက်ဖောက်လုပ်ခဲ့ကြသည်**

❍ **နှစ်ပေါင်း ၃၀ ကျော် အေးချမ်းတည်ငြိမ်စွာ ရပ်တည်လာခဲ့သော ပအိုဝ်းဒေသအတွင်း ပြီးခဲ့သည့် နှစ်ဆန်းပိုင်း ဇန်နဝါရီလ ၂၀ ရက်နေ့ ညပိုင်း၌ ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ PNLO အဖွဲ့၏ တရားမဝင်လက်နက်ခဲယမ်းများ သယ်ဆောင်လာမှုဖြစ်စဉ်မှအစပြုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုကိုမခံယူဘဲ ပြန်လည်ပစ်ခတ်ခြင်း၊ လက်နက်/ခဲယမ်း တင်ဆောင်လာသောယာဉ်များကို မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ပေါက်ကွဲမှုများနှင့်အတူ စံဖူးကျေးရွာရှိ နေအိမ် ၂၇ လုံး မီးလောင်ပြာကျခဲ့ရ**

*စာမျက်နှာ ၁၆ မှ*

ဆက်သွယ်ရောင်းဝယ်ဖောက်ကားရန် အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့လေသည်။ တိုက်နယ်ဆေးရုံ၊ ဆက်သွယ်ရေးအော်ပရေတာများ၊ လူငယ်သင်တန်းကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းများဖြင့် ခမ်းနားထည်ဝါလာခဲ့သည်။ ဈေးကြီးကလည်း ဟည်းလို့၊ ယခုဖြစ်စဉ်၌ ဆိုက်ခေါင်ကိုပင် အနည်းငယ် အဖျားခတ်သွားသေး၏။

**ပင်လောင်းမှ အင်းပေါခုံခေတ်မီစံပြကျေးရွာသို့**

ယခုလဆန်းပိုင်း ဩဂုတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ နှစ်ညအိပ် သုံးရက် ခရီးစဉ်ရေးဆွဲတင်ပြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ သွားရောက်ခဲ့သည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဆီဆိုင်မြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်နေကြသော မိမိဝန်ထမ်းများနှင့် တွေ့ဆုံအားပေးရန်၊ ရုံးဖွင့်လှစ်နိုင်မှုနှင့် ပြန်လည်တည်ဆောက်ရမည့်ရုံးများ အခြေအနေတို့ကို ကြည့်ရှုရန်၊ မဲနယ်တောင်ပေါ်က ကျေးရွာလေးများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ဆောင်ရွက်ပေးထားသည့် ရေပေးရေးလုပ်ငန်းများ အဆင်ပြေမှုရှိ/ မရှိ ကြည့်ရှုစစ်ဆေးရန်၊ တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယမြို့နယ်များ၌ ဆီထွက်သီးနှံနေကြာ ဧက ၅၀၀၀ ကို ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်၊ တောင်ကြီးမြို့နယ်သမဝါယမအသင်းစု၊ ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုများ၏ ကူညီပံ့ပိုးငွေကျပ် ၁ ဘီလီယံဖြင့် အောင်မြင်အောင် စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်တို့အတွက် ဖြစ်ပါသည်။

ခရီးစဉ်ပထမနေ့မှာ ပင်လောင်းမြို့နယ်ထဲက နောင်မွန်းကျေးရွာသို့ ဝင်ရောက်ပြီး နွားမွေးမြူရေးသမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို အားပေးသည်။ ယခင်တစ်ခေါက်သွားကတည်းက ရင်းနှီးခင်မင်စွာ ပြောဆိုဆက်ဆံခဲ့သဖြင့် (ပအိုဝ်းစကားကိုလည်း မတောက်တခေါက်ပြောခဲ့သဖြင့်) လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြသည်။ နွားမွေးမြူရေးလုပ်ငန်း တိုးတက်လာစေရန်အတွက် လိုအပ်သည်များ မှာကြားကာ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့သည်။ ထိုမှ နောင်တရားသို့ ဆက်လက်ထွက်ခွာပြီး နောင်တရားသမဝါယမအသင်း၏ အာလူးအအေးခန်းစက်ရုံ၊ သဘာဝမြေဩဇာစက်ရုံ၊ အာလူးတစ်သျှူးကာချာ မျိုးပွားခြံတို့ကို ကြည့်ရှုအားပေးသည်။

ထိုခရီးစဉ်တွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ခွန်ရဲထွေးတို့လည်း လိုက်ပါလာသဖြင့် ပင်လောင်းမြို့နယ်အတွင်းက နောင်တရား၊ နန်းတိုင်းနှင့် လွှင်ကျေးရွာတို့မှ ငရုတ်သီးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ သမဝါယမအသင်းစုချုပ်များနှင့် ပူးပေါင်းကာ ကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေး၊ ဈေးကွက်ရရှိရေး၊ တန်ဖိုးမြင့်ထုတ်ကုန် ပြုလုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေးအထိပါ ရည်မှန်းချက်ထား ဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ညနေပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းမှ အင်းပေါခုံခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်၍ ကျေးရွာကော်မတီဝင်များ၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ အတိုင်စည်းနည်းပညာ တက်ရောက်နေကြသော သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံခဲ့ပါသည်။ အာဆီယံကျေးရွာကွန်ရက်များ ချိတ်ဆက်ရေးအစီအစဉ်အတွက် ကျေးရွာသုံးရွာကို ရွေးချယ်ခဲ့ရာတွင် ညောင်ဦးမြို့နယ်အတွင်းမှ ခရီးသွားလုပ်ငန်းအခြေပြု မြင်းကပါ ခေတ်မီစံပြကျေးရွာကိုလည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းမှ ဒစ်ဂျစ်တယ်နည်းပညာအခြေပြု



ဟိုပုံးမြို့နယ် စငေါကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ ရေပေးရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

သော်မှော်ကုန်း ခေတ်မီစံပြကျေးရွာကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ်အတွင်းမှ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) အခြေပြု အင်းပေါခုံကျေးရွာကိုလည်းကောင်း သတ်မှတ်ရွေးချယ်ထားပြီး ဖြစ်ပါသည်။

အင်းပေါခုံ ခေတ်မီစံပြကျေးရွာ (Smart Village)၏ အနေအထားက ရိုးရိုးလေးနှင့် တစ်မျိုးဆန်းနေသည်ဟု ပြောရမည်လားမသိ၊ ကြည့်လေ… အင်းပေါခုံ(အလယ်)၊ အင်းပေါခုံ (အရှေ့)၊ အင်းပေါခုံ (တောင်)၊ အင်းပေါခုံ(အနောက်)၊ အင်းပေါခုံ (မြောက်)ဟူ၍ အစုအဖွဲ့လေးများဖြင့် ဖြစ်တည်နေပေရာ စုစုပေါင်းအိမ်ခြေ ၂၈၈ အိမ် ရှိပါသည်။ စံပြကျေးရွာဆိုသော အမည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ၏။ ရွာချင်းဆက်တံတား၊ ကွန်ကရစ်လျှောက်လမ်း၊ ရေပေးရေးလုပ်ငန်းများအတွက် ရေစင်နှင့် ပိုက်များ၊ ကျေးရွာပိုင်ကြာစိုက်ပျိုးရေးကန် တူးဖော်ပေးရေး၊ မီးပေးရေးလုပ်ငန်းများအတွက် သစ်သားတိုင်များအစား ကွန်ကရစ်မီးတိုင်လဲလှယ်ပေးရေး၊ ကျေးရွာစာကြည့်တိုက်တည်ဆောက်ပေးရေး အစရှိသည်တို့ကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အင်းပေါခုံရွာသို့ အသွားမှာရော အပြန်ခရီးမှာပါ မိုးကလေးဖွဲဖွဲရွာချနေသဖြင့် အင်းလေးမြင်ကွင်းက ပို၍လှနေသလိုပင်။ အင်းလေးရေပြင်ထက်မှာ ဥဒဟိုသွားနေကြသည့် စက်လှေလေးများ၊ ရိုးရာအိမ်လေးများ၊ အင်းအရှေ့နှင့် အနောက်မှာ သွယ်တန်းနေသည့် တောင်တန်းများကို လှမ်းမြော်ကြည့်ရင်း ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ မိုးညအိပ်မက်မြူဝတ္ထုထဲက စကားလုံးများကို တေးစာသားအဖြစ် သီကုံးဖွဲ့နွဲ့ထားသော၊ အလွမ်းသီချင်းရေးတဲ့ မောင်ကျော်ဇော၊ တေးသံရှင် အစ်မကြီး ဒေါ်ခင်ညွှန့်ရည်၊ ဂီတမှူး စန္ဒရားတင်ဝင်းလှိုင်တို့၏ မိုးညအိပ်မက်မြူသီချင်းကိုပဲ ညည်းချင်လာသလိုလို၊ နိုင်ငံကျော်မင်းသားကြီး ဦးကျော်ဟိန်းနှင့် အကယ်ဒမီ ဒေါ်ခင်သီတာထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသော အင်းလေးမှာရွာတဲ့မိုး ရုပ်ရှင်ဇာတ်ကားကြီးကိုပဲ သတိရလာသလိုလိုနှင့် အမျိုးအမည်ဖော်ပြ၍မရသော ခံစားမှုများ ဖြစ်ပေါ်လာသည်ကတော့ အမှန်ပင်။

**တိုက်ပွဲကြားက ဝက်ကလေးတွေ**

နောက်တစ်နေ့၊ ဩဂုတ်လ ၂ ရက်နေ့မှာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သို့ သွားရောက်ခဲ့သည်။ မြို့တည်ဆောက်ရေးလုပ်ငန်းတွေ ပြန်လည်စတင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့၏ ခရီးစဉ်များ၊ ကျန်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၏ ခရီးစဉ်များတွင် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ပြုလုပ်၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာ ငါးရွာအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေ ပေးဝေနေသော ရေပေးရေးလုပ်ငန်း ပြန်လည်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

၎င်း ရေပေးရေးလုပ်ငန်းမှာ ကျွန်တော် နတလတွင် ရှိစဉ်ကတည်းက TPA အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော၊ ဂျပန်နိုင်ငံသူ မစ္စရှီဘာဒါ (မြန်မာအမည် မစံပယ်ဟု မှည့်ထားသည်) ဦးစီးလုပ်ကိုင်ပေးခဲ့သော လုပ်ငန်းဖြစ်သည်။ ယခုပင်မရေထွက်ရေကန်မှ ရေများကို ၁၅ ကီလိုဝပ်ဆိုလာ နှစ်စုံ၊ မြင်းကောင်ရေ ၁၀ ကောင်အားရေတင်ပန့်များဖြင့် ရေသိုလှောင်ကန် နှစ်ခုသို့ ပေးပို့နိုင်အောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် ကူညီဆောင်ရွက်ပေးထားသဖြင့် လျှပ်စစ်မီးရော ဆိုလာကိုပါ အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

ယင်းနောက် မိမိတို့ဝန်ကြီးဌာနရုံးများ၊ ပြန်လည်တည်ဆောက်ပေးရမည့် ရုံးနေရာ၊ ယာယီရုံးဖွင့်ထားသည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ပြီးလျှင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ တစ်ဦးချင်း အခက်အခဲများကိုလည်း မေးမြန်းခဲ့သည်။ ဆီဆိုင်ဒေသခံဝန်ထမ်းများထဲက ဒုတိယဦးစီးမှူး ဝန်ထမ်းမိန်းကလေးတစ်ဦးဆိုလျှင် မိသားစုစားဝတ်နေရေးအတွက် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဝက်မကြီး လေးကောင်၊ ဝက်လတ် ၂၀ ကောင်အထိ ဖြစ်ထွန်းနေချိန်၊ ယခုတိုက်ပွဲဖြစ်စဉ်ကြောင့် လူရော ဝက်ရော ဘေးလွတ်ရာသို့ ပြေးရင်းအားလုံးပျောက်ဆုံးသွားသဖြင့် သိန်း ၁၀၀ ကျော်ထိခိုက်ဆုံးရှုံးသွားခဲ့သည်။ ကျန်သည့် မြို့သူမြို့သားများ၏ ဆုံးရှုံးမှုများကိုတော့ဖြင့် မပြောလိုတော့ပြီ။ ယခင်တစ်ခေါက်က ကျွန်တော် အမှတ်တရ လိုက်လံကြည့်ရှုခဲ့သော ဆီဆိုင်ဈေးကြီးလည်း မရှိတော့ပြီ။ အားနှင့် မာန်နှင့်ပြန်လည်ရုန်းထကြပါစို့ ဆီဆိုင်ရေ…။

**ကျေးရွာ သုံးရွာစလုံးက နေအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသော ပအိုဝ်း တိုင်းရင်းသား တိုင်းရင်းသူ သက်ကြီးရွယ်အိုများ၏ နှုတ်မှ အံကျလာသော စကား တစ်ခွန်းကတော့ “ငါတို့ တစ်သက်မှာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး”…တဲ့လေ**

**နန်းဟူး၊ ပန်လျန်း၊ ကျောက္ကချား**

ဆီဆိုင်မြို့မှထွက်ခွာ၍ မဲနယ်တောင်တန်းပေါ်က နန်းဟူးကျေးရွာ၊ ပန်လျန်းကျေးရွာ၊ ကျောက္ကချားကျေးရွာများသို့ သွားရောက်ခဲ့သည်။ တောင်ပေါ်ဒေသဆိုသော်ငြားလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ဖောက်ထားသောလမ်း၊ နတလကဖောက်ထားသောလမ်း၊ ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖောက်ထားသောလမ်းများဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိပါသည်။ ပြန်လည် ပြုပြင်ပေးရမည့် နေရာများလည်း တွေ့ရသည်။ စံဖူးရွာဖြစ်စဉ် ဖြစ်ပွားပြီးနောက် အဆိုပါကျေးရွာများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ရာ နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က နေအိမ်များ ပြန်လည်တည်ဆောက်နိုင်အောင် ကူညီပံ့ပိုးပေးခဲ့သဖြင့် အိမ်သစ်ကလေးများကို တွေ့မြင်နေရပြီဖြစ်သည်။ ကျေးရွာလူထုနှင့် တွေ့ဆုံခဲ့ရာတွင် အိမ်တွင်းမီးသွယ်တန်းရေးကိစ္စများ ကူညီပေးရန်၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန်၊ ကျေးရွာတွင်းလမ်းများ ပြုပြင်ပေးရန်နှင့် ရေပွန့်တံတားများ တည်ဆောက်ပေးရန်၊ ကျေးရွာစာကြည့်တိုက်ရရှိရေး၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းအတွက် ခြံစည်းရိုးကာရံနိုင်ရေးကိစ္စများ ကူညီပေးရန်တို့ကို တင်ပြလာသဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးရွာ သုံးရွာစလုံးက နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသော ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူသက်ကြီးရွယ်အိုများ၏ နှုတ်မှ အံကျလာသော စကားတစ်ခွန်းကတော့ **“ငါတို့တစ်သက်မှာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး”**… တဲ့လေ။

**ပအိုဝ်းဒေသ၊ ထာဝရအေးချမ်းပါစေ**

၁၉၉၁ ခုနှစ်မှစ၍ ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်ကို စတင်ခံစားခဲ့ကြရသော ပအိုဝ်းဒေသ၊ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများမှသည် အာလူး၊ ထောပတ်၊ ပင်မှည့် အစရှိသည့် စိုက်ပျိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးကာ လူမှုစီးပွားဘဝများ မြင့်မားလာသည့် ပအိုဝ်းဒေသ၊ ဘာသာတရားကိုင်းရှိုင်းပြီး အလှူအတန်းရက်ရောကာ စေတနာသဒ္ဓါတရား ထက်သန်သည့် လူမျိုးများပေါင်းစုနေထိုင်ကြသည့် ပအိုဝ်းဒေသ၊ ကျွန်တော်၏ ကျောင်းနေဘက် သူငယ်ချင်းများ၊ သူငယ်ချင်းမများရှိနေသော ပအိုဝ်းဒေသ၊ ထာဝရတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းလျက်…။ ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ဖြူးမြို့နယ်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ညို | နှင့် | ၁။ ဒေါ်မြင့် |
| ၂။ ဒေါ်အေးမွန် | | ၂။ ဒေါ်ခိုင် |
| ၃။ ဦးဇော်ဝင်းပိုက် | | ၃။ ဒေါ်အေးမော် |
| | | ၄။ဦးဇော်လင်းထိုက် |
| | | ၅။ မမာဦး |
| | | ၆။ မောင်ဇော်မင်းထိုက် |
| | | ၇။ မောင်ဇော်မင်းနိုင် |
| | | ၈။ မောင်ဇကီ |
| | | ၉။ မောင်ဒါးဟဲ |
| | | ၁၀။ မငယ်မ |
| | | ၁၁။ မောင်ဇော်ထွေး |
| (တရားလိုများ) | | (တရားပြိုင်များ) |

ဖြူးမြို့နယ်၊ မိဿလင်ကျေးရွာအုပ်စု၊ မိဿလင်ကျေးရွာနေ (ဘ) ဦးဂေါ်ဖူး၏ သားသမီးများဖြစ်သော (၅)တရားပြိုင် မမာဦး၊ (၆)တရားပြိုင် မောင်ဇော်မင်းထိုက်၊ (၇)တရားပြိုင် မောင်ဇော်မင်းနိုင်၊ (၈)တရားပြိုင် မောင်ဇကီ၊ (၉)တရားပြိုင် မောင်ဒါးဟဲ၊ (၁၀)တရားပြိုင် မငယ်မ၊ (၁၁) တရားပြိုင် မောင်ဇော်ထွေး(ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဒေါ်ခင်ညို၊ ဒေါ်အေးမွန်၊ ဦးဇော်ဝင်းပိုက်တို့က "အမွေပုံပစ္စည်းစီမံ ခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်(၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဟန်ထွန်း)**
**မြို့နယ်တရားသူကြီး၊**
**ဖြူးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၈**

| | | |
|---|---|---|
| ဒေါ်မီမီဝင်းအေး | နှင့် | ဦးဖေသိန်း |
| **တရားလို** | | **တရားပြိုင်** |

